
# အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏အ ထူးနည်းပညာကျွမ်းကျင်လုပ်သားစနစ်

## ~အထူးနည်းပညာကျွမ်းကျင်နိုင်ငံခြားသားများကို ရည်ရွယ်သူများအတွက်~



**At Global ကုမ္ပဏီလီမိတက်**

**(ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးထားသောလုပ်ငန်း)**

# နိဒါန်း

နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင်" အစီအစဉ်အား ၂၀၁၉ ခုနှစ် ၄လ ပိုင်းတွင် စတင်ခဲ့ပါသည်။ "အထူးနည်းပညာကျွမ်းကျင်" ဖြင့် အလုပ်လုပ်ကိုင်နိုင်သောနယ်ပယ်မှာ လက်ရှိတွင် လုပ်ငန်း ၁၆ မျိုးရှိပြီး၊ အဆောက်အဦသန့်ရှင်းရေးနယ်ပယ်သည် ၂၀၂၄ ခုနှစ်မှစ၍ ၅ နှစ်ကြာကာလအတွင်း အများဆုံး ၃၇,၀၀၀ ဦးကို ခေါ်ယူနိုင်ရန် မျှော်မှန်းထားပါသည်။

ဤလက်စွဲစာအုပ်တွင်

1. "အထူးနည်းပညာကျွမ်းကျင်" ၏ ထူးခြားချက်
2. "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" တွင် အလုပ်လုပ်ရန်အတွက်
3. အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁"
4. ပြည်ဝင်ခြင်း၊ နေထိုင်မှုထောက်ပံ့ခြင်း မိတ်ဆက်မှု

တို့ဖြင့် ဖွဲ့စည်းထားပါသည်။

အထူးနည်းပညာကျွမ်းကျင်စနစ်နှင့် အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ အလုပ်နှင့်ပတ်သက်ပြီး လေးနက်စွာ နားလည်နိုင်ရန်အတွက် ဤလမ်းညွှန်စာအုပ်သည် အသုံးဝင်မည်ဆိုပါက ဝမ်းမြောက်မိမည်ဖြစ်သည်။

ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ခန့်အပ်တာဝန်ပေးထားသော လုပ်ငန်း "အဆောက်အဦသန့်ရှင်းရေးနယ်ပယ်တွင် နိုင်ငံခြားသားလုပ်သားများ လက်ခံခြင်းအတွက် သင့်လျော်သောစနစ်အတွက် ပြည့်စုံသော စစ်တမ်း"
၂၀၂၄ ခုနှစ် တာဝန်ခံ At Global ကုမ္ပဏီလီမိတက်

# မာတိကာ


1 နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင်" ........................................ 4

1.1 "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" ၏ ထူးခြားချက် ........................................ 4

1.2 "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၂" ၏ ထူးခြားချက် ........................................ 4

2 နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" တွင် အလုပ်လုပ်ရန်အတွက် ........................................ 6

2.1 "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" ဖြင့် အလုပ်လုပ်ကိုင်ရန်အတွက် သတိမှတ်ချက် ........................................ 6

2.2 ကုမ္ပဏီသို့ ဝင်ရောက်ခြင်း အဆင့်ဆင့် ........................................ 7

3အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ "အထူးနည်းပညာကျွမ်းကျင်" ........................................ 11

(1) သန့်ရှင်းရမည့်နေရာ ........................................ 11

(2) သန့်ရှင်းရေး နည်းလမ်းများ ........................................ 12

(3) အသက်မွေးလမ်းကြောင်းတိုးတက်မှု ........................................ 13

(4) အဆောက်အဦသန့်ရှင်းရေးတွင် လုပ်ကိုင်နေကြသော စီနီယာများ၏အသံ ........................................ 14

(5) အလုပ်အကိုင်ရှာဖွေနည်း ........................................ 14

(6) ဂျပန်စာစာမေးပွဲနှင့် အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ၏ သတင်းအချက်အလက် ........................................ 16

(7) အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲလေ့လာပုံနည်းလမ်းများ ........................................ 18

(8) အဆောက်အဦသန့်ရှင်းရေးနယ်ပယ် နည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ အကြောင်းအရာ ........................................ 20

4 ပြည်ဝင်ခြင်း၊ နေထိုင်မှုထောက်ပံ့ခြင်း မိတ်ဆက်မှု ........................................ 24

5 နိဂုံးချုပ် ........................................ 26

# 1 နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင်"

## 1.1 "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁"၏ ထူးခြားချက်

1. အထူးနည်းပညာကျွမ်းကျင်သည် ဂျပန်နိုင်ငံ၏ ဆိုးဝါးလာသော အလုပ်သမားရှားပါးမှုကို ဖြေရှင်းရန်အတွက် သတ်မှတ်ထားသော ကျွမ်းကျင်မှုနှင့်နည်းပညာများရှိပြီး လုပ်ငန်းခွင်အတွင်း ချက်ချင်းဝင်ရောက်လုပ်ကိုင်နိုင်သော နိုင်ငံခြားသားများအား အလုပ်လုပ်ကိုင်နိုင်မည့် နေထိုင်ခွင့်ဖြစ်သည်။ အထူးနည်းပညာကျွမ်းကျင်တွင် နံပါတ် ၁ နှင့် နံပါတ် ၂ ဟု ရှိပါသည်။
2. အဆောက်အဦသန့်ရှင်းရေးနယ်ပယ်တွင် နည်းပညာအလုပ်သင် နံပါတ် ၂ အထိ ပြီးမြောက်ထားလျှင် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ ကိုရယူရန် လိုအပ်သောအချက်များနှင့် ပြည့်စုံပြီးဖြစ်ပါသည်။
3. အဆောက်အဦသန့်ရှင်းရေးနယ်ပယ်တွင် နည်းပညာအလုပ်သင် နံပါတ် ၂ အထိ မပြီးမြောက်ထားပါက စာမေးပွဲ (နည်းပညာစာမေးပွဲ၊ ဂျပန်စာစာမေးပွဲ) အား အောင်မြင်လျှင် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ ကို ရယူရန်လိုအပ်သောအချက်များနှင့် ပြည့်မီနိုင်မှာ ဖြစ်ပါသည်။[1]
4. အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ သည် အကြာရှည်ဆုံး ၅ နှစ်ကြာ အလုပ်လုပ်နိုင်ပါသည်။ အလုပ်လည်းပြောင်းနိုင်ပါသည်။

## 1.2 "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၂"၏ ထူးခြားချက်

1. အောက်ပါ အချက်များနှင့် ကိုက်ညီပါက အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ မှ အထူးနည်းပညာကျွမ်းကျင် နံပါတ် ၂ သို့ ပြောင်းလဲနိုင်ပါသည်။
   a. လုပ်ငန်းလုပ်သူအား ညွှန်ကြားခြင်းနှင့် လုပ်ငန်းခွင် စီမံခန့်ခွဲခြင်း၌ လက်တွေ့အတွေ့အကြုံ ၂ နှစ်အထက် ရှိခြင်း

[1] နည်းပညာအလုပ်သင်သည် တူညီသော စက်မှုလုပ်ငန်းနယ်ပယ်၌ အထူးနည်းပညာကျွမ်းကျင်နံပါတ် ၁ သို့ပြောင်းရွှေ့ပါက စာမေးပွဲ (နည်းပညာစာမေးပွဲ၊ ဂျပန်စာစာမေးပွဲ) ကိုဖြေဆိုရန်မလိုပါ။ သို့သော် နည်းပညာအလုပ်သင် ပြီးမြောက်ပြီးနောက် မတူညီသော စက်မှုလုပ်ငန်းနယ်ပယ်၌ အထူးနည်းပညာကျွမ်းကျင်နံပါတ် ၁ အနေဖြင့် အလုပ်လုပ်ရာတွင် နည်းပညာစာမေးပွဲကို အောင်မြင်ရန်လိုအပ်ပါသည်။

   b. အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၂ အကဲဖြတ်စာမေးပွဲ သို့မဟုတ် အဆောက်အဦအရည်အချင်းစာမေးပွဲ အဆင့် ၁ အား အောင်မြင်ထားခြင်း

2. အထူးနည်းပညာကျွမ်းကျင် နံပါတ် ၂ သည် ကာလအကန့်အသတ်မရှိဖြင့် အလုပ်လုပ်နိုင်ပါသည်။ ဂျပန်နိုင်ငံသို့ မိသားစုဝင်များကိုလည်း ခေါ်ဆိုနိုင်ပါသည်။

# 2 နေထိုင်ခွင့် "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" တွင် အလုပ်လုပ်ရန်အတွက်

## 2.1 "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" ဖြင့် အလုပ်လုပ်ကိုင်ရန်အတွက် သတ်မှတ်ချက်

အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အနေဖြင့် အလုပ်လုပ်ကိုင်ရန်အတွက် အောက်ပါ အချက်များကို ပြည့်မီရန် လိုအပ်ပါသည်။

1. အသက် ၁၈ နှစ်အထက် ဖြစ်ခြင်း
2. ကျန်းမာရေးအခြေအနေ ကောင်းမွန်သူ ဖြစ်ခြင်း
3. နေရပ်ပြန်ပို့ခြင်းကို ချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်းတွင် ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံခြားအစိုးရမှ ထုတ်ပေးထားသည့် နိုင်ငံကူးလက်မှတ်ကို ပိုင်ဆိုင်ထားခြင်း
4. အာမခံငွေ ကောက်ခံခံရမှု စသည့်တို့ မရှိခြင်း
5. နိုင်ငံခြားရှိ အေဂျင်စီအား အခကြေးငွေ ပေးဆောင်နေသည့်အခါ ပမာဏ၊ အသေးစိတ်ကို သေသေချာချာ နားလည်ထားပြီး အေဂျင်စီဖြင့် သဘောတူညီမှု ရယူထားခြင်း
6. ပို့ဆောင်ထားသည့် နိုင်ငံတွင် လေးစားလိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားပါက ထိုလုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ထားခြင်း
7. စားသောက်စရိတ်၊ နေထိုင်စရိတ်အပြင် နိုင်ငံခြားသားက အခါအားလျော်စွာ ပေးဆောင်ရမည့် အခကြေးငွေများနှင့် ပတ်သက်၍ ထိုပေးဆောင်ရမည့်ငွေနှင့် ပြန်ရမည့်အကျိုးအမြတ်၏ အကြောင်းအရာကို သေချာစွာ နားလည်ထားပြီး သဘောတူညီထားပါသည်။ ထို့အပြင် ထိုအခကြေးငွေ၏ ပမာဏသည် အမှန်တကယ်ကုန်ကျမှုနှင့် အခြားသော သင့်လျော်သည့် ပမာဏနှင့် ညီမျှသည့် ပမာဏဖြစ်ပြီး ငွေစာရင်းနှင့် အခြားသော စာရွက်စာတမ်းများဖြင့် ဖော်ပြထားခြင်း
8. နယ်ပယ်တွင် အခြားသော သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ပြည့်မီခြင်း (* နယ်ပယ်အတွက် တာဝန်ရှိသော အစိုးရဝန်ကြီးဌာနမှ သတ်မှတ်ထားပြီး တရားဝင်ထုတ်ပြန်ထားသည့် စည်းမျဉ်းများ)

## 2.2 ကုမ္ပဏီသို့ ဝင်ရောက်ခြင်း အဆင့်ဆင့်

### (1) လက်ရှိတွင် ဂျပန်၌နေထိုင်လျက်ရှိပြီး နည်းပညာအလုပ်သင်အဖြစ် လုပ်ကိုင်နေသူဆိုလျှင်




- အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ နည်းပညာအလုပ်သင်သည် နည်းပညာအလုပ်သင်နံပါတ် ၂ ကို ကောင်းမွန်စွာ ပြီးမြောက်ထားလျှင် ဂျပန်စာစာမေးပွဲ၊ အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲနှစ်ခုလုံး မလိုတော့ပါ။
- အဆောက်အဦသန့်ရှင်းရေးနယ်ပယ်ပြင်ပမှ နည်းပညာအလုပ်သင်များသည် နည်းပညာအလုပ်သင် နံပါတ် ၂ အား ကောင်းမွန်စွာ ပြီးမြောက်ထားလျှင် ဂျပန်စာစာမေးပွဲအောင်ရန် မလိုသော်လည်း အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ အထူးကျွမ်းကျင်နံပါတ် ၁ အကဲဖြတ်စာမေးပွဲအောင်မြင်၍၊ အဆောက်အဦသန့်ရှင်းရေး ကုမ္ပဏီမှ အလုပ်ခန့်အပ်ခြင်းကို ရရှိရန်လိုအပ်သည်။ လက်ရှိကုမ္ပဏီနှင့် သေချာစွာတိုင်ပင် ဆွေးနွေးတိုင်ပင်ပြီးမှ စာမေးပွဲအတွက်စာလေ့လာခြင်းနှင့် အလုပ်ရှာဖွေခြင်းကို စတင်လုပ်ဆောင်ရမည်။

## (2) လက်ရှိ ဂျပန်တွင်နေထိုင်နေသော နိုင်ငံခြားပညာတော်သင်ကျောင်းသားဆိုလျှင်




- ကျောင်းပြီးသွားပါက ဂျပန်နိုင်ငံအတွင်း၌ အထူးနည်းပညာကျွမ်းကျင်နိုင်ငံခြားသားအနေဖြင့် အလုပ်လုပ်ကိုင်သည့်အခါတွင် ဂျပန်စာစာမေးပွဲနှင့် အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲအား အောင်မြင်ပြီး အဆောက်အဦသန့်ရှင်းရေးကုမ္ပဏီမှ အလုပ်ရရန် လိုအပ်ပါသည်။
- ကျောင်းတက်နေစဉ် အချိန်ပိုင်းအလုပ်သည် တစ်ပတ် ၂၈ နာရီအတွင်း ဆိုသည့် စည်းမျဉ်း ရှိပါသည်။ စည်းမျဉ်းကို လိုက်နာပြီး အနာဂတ်တွင် နေထိုင်ခွင့် ပြောင်းလဲသည့်အခါ ပြဿနာမဖြစ်အောင် လုပ်ဆောင်ကြရအောင် !

### (3) လက်ရှိတွင် ဂျပန်နိုင်ငံပြင်ပ၌ရှိနေသော နည်းပညာအလုပ်သင်အတွေ့အကြုံရှိသူဆိုပါက

### အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၌နည်းပညာအလုပ်သင် နံပါတ် ၂ ကိုပြီးမြောက်ထားလျှင်




- အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ နည်းပညာအလုပ်သင် နံပါတ် ၂ ပြီးမြောက်၍ နိုင်ငံသို့ ပြန်ပြီးနောက် တစ်ဖန် ဂျပန်၏ အဆောက်အဦသန့်ရှင်းရေးနယ်ပယ်တွင် အလုပ်လုပ်ချင်ပါက "အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" ဖြင့် ပြန်လည် အလုပ်လုပ်နိုင်ပါသည်။ ထိုအခါတွင် စာမေးပွဲဖြေရန် မလိုအပ်ပါ။ သို့သော် ဂျပန်သို့ ပြန်လည် ပြည်ဝင်ခြင်း လုပ်ထုံးလုပ်နည်းများ လိုအပ်ပါသည်။

## အဆောက်အဦသန့်ရှင်းရေးနယ်ပယ်ပြင်ပ အခြားသော နည်းပညာအလုပ်သင်ကို ပြီးမြောက်ထားလျှင်




- အဆောက်အဦသန့်ရှင်းရေးနယ်ပယ်ပြင်ပမှ နည်းပညာအလုပ်သင် နံပါတ် ၂ အား ပြီးမြောက်ထားသည့် အမိနိုင်ငံပြန်သူဖြစ်လျှင် ဂျပန်စာစာမေးပွဲဖြေရန်မလိုပါ။ သို့သော်အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲအား အောင်မြင်ရန် လိုအပ်ပါသည်။

## (4) လက်ရှိတွင် ဂျပန်နိုင်ငံပြင်ပ၌ရှိနေပြီး ဂျပန်နိုင်ငံတွင်အလုပ်အတွေ့အကြုံမရှိပါက




- ဂျပန်စာစာမေးပွဲနှင့် အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲကို အောင်မြင်အောင် လုပ်ပါ။[2]

---


[2]ကိုယ်နိုင်ငံတွင် အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ မကျင်းပပါက နေထိုင်ခွင့်"ကာလတို နေထိုင်ခြင်း" ဖြင့် ဂျပန်သို့ လာရောက်ပြီး ဂျပန်၌ စာမေးပွဲ ဖြေဆိုနိုင်ပါသည်။

# 3အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ "အထူးနည်းပညာကျွမ်းကျင်"


## (1)သန့်ရှင်းရမည့်နေရာ

ရှော့ပင်းမောလ်၊ ဆေးရုံ၊ ဟိုတယ်စသည့် အမျိုးမျိုးသောနေရာများကို သန့်ရှင်းရပါမည်။

ဟိုတယ်




ရုံး



မောလ်



ဆေးရုံ



## (2)သန့်ရှင်းရေး နည်းလမ်းများ

ဥပမာအနေဖြင့် ကြမ်း သုတ်သည့် သန့်ရှင်းရေးနှင့် လှည်းကျင်းသန့်ရှင်းခြင်း၊ ပြတင်းပေါက်သုတ်ခြင်း၊ အိမ်သာနှင့် လက်ဆေးစင်များအား သန့်ရှင်းခြင်း စသည့်တို့ ရှိပါသည်။








## (3)အသက်မွေးလမ်းကြောင်းတိုးတက်မှု


လုပ်ငန်းအရ အမျိုးမျိုးသော အသက်မွေးလမ်းကြောင်းတိုးတက်မှု လမ်းကြောင်းများ ရှိပါသည်။ ဥပမာ အောက်ပါဇယားအတိုင်း အဆင့်များကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။



## (4)အဆောက်အဦသန့်ရှင်းရေးတွင် လုပ်ကိုင်နေကြသော စီနီယာများ၏အသံ

### နိုင်ငံ - ထိုင်း (အမျိုးသား)

- ၂-၃ ယောက်လောက်နဲ့ သန့်ရှင်းရေးလုပ်ရမည့်နေရာ (ရုံးအဆောက်အဦး) ကိုသွားပါတယ်။
- အလုပ်ထဲကိုသွားဖို့က ကားထောက်ပံ့ပေးထားတာကြောင့် ခက်ခဲတာမျိုးတော့ မရှိပါဘူး
- အခုလစာကို ကျေနပ်ပါတယ်။
- အဆောက်အဦသန့်ရှင်းရေးအလုပ်ကနေ ပြောင်းဖို့တော့ တွေးမထားပါဘူး



### နိုင်ငံ - ဗီယက်နမ် (အမျိုးသား)

- အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲအတွက် ကုမ္ပဏီမှ ဝန်ထမ်းတွေကသင်ပေးပြီး၊ ၂ပတ်လောက်စာလေ့လာရုံနဲ့ စာမေးပွဲ အောင်သွားပါတယ်
- ကုမ္ပဏီက စီနီယာတွေကလည်း ပျော်တတ်တဲ့သူများပြီး အလုပ်ကပျော်စရာကောင်းပါတယ်။
- မြန်မြန်လေး ဂျူနီယာတွေကို အလုပ်တွေ ပြန်သင်ပြပေးနိုင်ချင်တယ်။



### နိုင်ငံ - မြန်မာ (အမျိုးသမီး)

- ဟိုတယ်တွင်း သန့်ရှင်းရေးလုပ်ငန်းကို လုပ်ပါတယ်။
- အချိန်ပိုင်းအလုပ်သမားက သန့်ရှင်းရေးလုပ်ပြီးတဲ့နောက် စစ်ဆေးတဲ့အပိုင်းကို တာဝန်ယူထားပါတယ်။
- နောက်ဆုံးအနေနဲ့ကတော့ စစ်ဆေးသူနေရာကို မျှော်မှန်းထားပါတယ်။
- အလုပ်ထဲက မန်နေဂျာက တော်တော်လေး ကြင်ကြင်နာနာဆက်ဆံပေးတာကြောင့် အလုပ်လုပ်ရတာ ပျော်ပါတယ်။



## (5)အလုပ်အကိုင်ရှာဖွေနည်း

ဂျပန်ရဲ့အဆောက်အဦသန့်ရှင်းရေးအလုပ်တွေကို ပင်မစာမျက်နှာနဲ့ ဆိုရှယ်မီဒီယာတွေကတဆင့် အလုပ်ခေါ်နေသောကြောင့် ဂျပန်နိုင်ငံတွင်းတွင်ရှိနေခဲ့လျှင် စိတ်ဝင်စားသောကုမ္ပဏီကို လျှောက်ထားကြည့်ပါ။ ဥပမာ ASCF လည်း ကုမ္ပဏီနှင့် လိုက်ဖက်မှုရှာဖွေခြင်းအတွက် ပံ့ပိုးမှုများကို လုပ်ဆောင်နေပါသည်။ (စာမျက်နှာ ၁၅ အား ကိုးကားပါ) SNS စသည်တွင်လည်း

အလုပ်ခေါ်မှု အချက်အလက်များရှိသော်လည်း "SNS မှာ အလုပ်ကောင်းတွေကို မိတ်ဆက်ပေးလို့ သွားကြည့်တော့ လုံးဝကိုမတူတဲ့ အလုပ်ဖြစ်နေတာ"၊ "ကြားထားတာနဲ့ တခြားစီပဲ"၊ "အလုပ်ပြောင်းဖို့လုပ်လိုက်တာ နောက်ဆုံးတော့ အလုပ်မရှိဖြစ်သွားပါတယ်" စသည့် မကောင်းတဲ့သာဓကများလည်း ရှိသည့်အတွက် သတိထားကြရအောင်ပါ။

တစ်ကြိမ်အမိနိုင်ငံကိုပြန်သွားလျှင်လည်း ပို့ဆောင်သည့်အေဂျင်စီများနှင့် လုပ်ငန်းမိတ်ဆက်ပေးသည့် ကုမ္ပဏီ စသည်တို့ထံ ဆက်သွယ်ကာ ကုမ္ပဏီများကို မိတ်ဆက်စေပြီး အလုပ်ရှာဖွေကြသူများလည်းရှိသည်။

## (6) ဂျပန်စာစာမေးပွဲနှင့် အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ၏ သတင်းအချက်အလက်

| | ဂျပန်စာစာမေးပွဲ | | အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ |
|---|---|---|---|
| **အမျိုးအစား** | ဂျပန်စာအရည်အချင်းစစ်စာမေးပွဲ (JLPT)<br><br>https://www.jlpt.jp/ | Japan Foundation Test for Basic Japanese (JFT-Basic)<br>https://www.jpf.go.jp/jft-basic/ | အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ<br><br>https://www.j-bma.or.jp/qualification-training/zairyu |
| **ကျင်းပမည့်နေရာ** | ဂျပန်၊ အခြား နိုင်ငံနှင့်နယ်မြေ ၉၀ ကျော် | ဂျပန်၊ အခြား ၁၂ နိုင်ငံ | ဂျပန်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ သီရိလင်္ကာ စသဖြင့် |
| **ကျင်းပမည့်ကာလ** | ဇူလိုင်လ၊ ဒီဇင်ဘာလ (သို့သော် နိုင်ငံပြင်ပတွင်ကျင်းပသောစာမေးပွဲသည် ဇူလိုင်လ သို့မဟုတ် ဒီဇင်ဘာလတွင် တစ်ကြိမ်သာ ကျင်းပသည်။) | လတိုင်းနီးပါး | အနာဂတ်စာမေးပွဲကျင်းပမှုအချိန်ဇယား<br>https://www.j-bma.or.jp/qualification-training/zairyu |
| **အောင်စာရင်း ကြေညာချိန်အထိ ကြာချိန်ကာလ** | ပျမ်းမျှ ၂ လကြာ | ထိုနေ့တွင် | ထိုနေ့တွင် |

| | | | |
|---|---|---|---|
| **အခြား** | အောင်လက်မှတ်ထုတ်ရန် လိုအပ်လျှင် အောက်ကလင့်တွင် ကြည့်ရှုပါ။<br><br>https://www.jlpt.jp/certificate/index.html | ရလဒ်အသိပေးခြင်းအား စာမေးပွဲနေ့မှ လုပ်ငန်းရက် ၅ ရက်အတွင်း ဘိုကင်ဝဘ်ဆိုက်တွင် ကြည့်နိုင်ပါသည်။<br>http://ac.prometric-jp.com/testlist/jfe/index.html | CBTပုံစံ (Computer-Based Test) ပြည်ဝင်ခြင်း လုပ်ထုံးလုပ်နည်းတွင် အောင်လက်မှတ်လိုအပ်သည်<br><br>အောင်လက်မှတ် ထုတ်ပေးရန်လျှောက်ထားရာတွင် လက်ခံသည့်အေဂျင်စီ သို့မဟုတ် အောင်သည့်ကာယကံရှင်ကိုယ်တိုင် လုပ်ဆောင်နိုင်သည်။ |

## (7)အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲလေ့လာပုံနည်းလမ်းများ

စာမေးပွဲအတွက် ပြင်ဆင်ရန် သီးသန့်ဖတ်စာအုပ်များနှင့် အဆောက်အဦသန့်ရှင်းရေးအလုပ်နှင့်ပတ်သက်၍ကောင်းမွန်စွာသိရှိနားလည်စေရန်အတွက်ဗီဒီယိုစသည်တို့ရှိပါသည်။
အကိုးအကားပြုလေ့လာကြည့်ကြရအောင် !

**ပြည်သူ့အကျိုးစီးပွားကော်ပိုရေးရှင်းနိုင်ငံလုံးဆိုင်ရာအဆောက်အဦးထိန်းသိမ်းရေးအဖွဲ့၏ စာမေးပွဲအထူးထုတ်ဖတ်စာအုပ်** (ဂျပန်ဘာသာနှင့် အခြားဘာသာစကား ၈မျိုး)
(အောက်ပါURL သို့မဟုတ် QRကုဒ် မှတဆင့်စစ်ဆေးနိုင်သည်။)

https://www.j-bma.or.jp/qualification-training/zairyu

**အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ သုံးသပ်ချက်များအား ရှင်းပြထားသောဗီဒီယို**
(အောက်ပါURL သို့မဟုတ် QRကုဒ် မှတဆင့်စစ်ဆေးနိုင်သည်။)

https://www.youtube.com/watch?v=qA0qVg408nM

**အဆောက်အဦသန့်ရှင်းရေးနယ်ပယ် အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ လေ့ကျင့်ရေးသုံး ဗီဒီယို**
(အောက်ပါURL သို့မဟုတ် QRကုဒ် မှတဆင့်စစ်ဆေးနိုင်သည်။)

https://www.youtube.com/watch?v=NMfBxYNpsUA

## (၈)အဆောက်အဦသန့်ရှင်းရေးနယ်ပယ် နည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲ အကြောင်းအရာ

အဆောက်အဦသန့်ရှင်းရေးနယ်ပယ် နည်းပညာကျွမ်းကျင် နံပါတ် ၁ အကဲဖြတ်စာမေးပွဲတွင် အဆုံးအဖြတ်စာမေးပွဲနှင့် လက်တွေ့စာမေးပွဲတို့ရှိပါသည်။

ဤတွင် မေးခွန်းဟောင်းများကို မိတ်ဆက်ပေးပါမည်။

**အဆုံးအဖြတ်စာမေးပွဲ၏သာဓကများ(စာမေးပွဲကိုဂျပန်ဘာသာဖြင့်ဖြေရမည်)**

(အောက်ပါURL သို့မဟုတ် QRကုဒ် မှတဆင့်စစ်ဆေးနိုင်သည်။)

https://www.j-bma.or.jp/wp-content/uploads/2019/12/2019tokutei_mondai_v2.pdf

**လက်တွေ့စာမေးပွဲ၏ သာဓကများ (စာမေးပွဲကို ဂျပန်ဘာသာဖြင့်ဖြေရမည်)**

သန့်ရှင်းရေးသုံးကိရိယာများကို စာမေးပွဲခန်းတွင် ပြင်ဆင်ထားပါသည်။

စာမေးပွဲတွင် ထိုကိရိယာများကိုသုံး၍ အောက်ပါအလုပ်များ၏ အစိတ်အပိုင်းအချို့ကို လက်တွေ့လုပ်ဆောင်ရပါမည်။

(အောက်ပါURL သို့မဟုတ် QRကုဒ် မှတဆင့်စစ်ဆေးနိုင်သည်။)

https://x.gd/SiwL3

■BMTC အဆောက်အဦ စီမံခန့်ခွဲမှု လေ့ကျင့်ရေး စင်တာမှ ပံ့ပိုးထားသော ASCF နိုင်ငံခြားသားလက်ခံမှုဝန်ဆောင်မှု

အထူးနည်းပညာကျွမ်းကျင် နိုင်ငံခြားသားလုပ်သားများကို လက်ခံရာတွင် အဆောက်အဦသန့်ရှင်းရေးနယ်ပယ်၌ BMTC အထွေထွေဖောင်ဒေးရှင်း အဆောက်အဦ စီမံခန့်ခွဲမှုလေ့ကျင်းရေးစင်တာသည် ASCF အဆောက်အဦသန့်ရှင်းရေး နိုင်ငံခြားလုပ်သား လက်ခံထောက်ပံ့ရေးစင်တာကို တည်ထောင်ပြီး ①သင့်တော်သောအလုပ်သမားများကို မိတ်ဆက်ပေးခြင်းနှင့် အလုပ်သမားကို အလုပ်ခန့်ထားပေးခြင်း၊ ②အလုပ်သင်သင်ကြားပြီး အလုပ်အရည်အသွေးမြင့်သူအဖြစ် ပညာပေးခြင်း၊ ③အလုပ်ခန့်ထားပြီးနောက် လက်ရှိအခြေအနေမှာ အလုပ်ဆက်လုပ်နိုင်စေရန် ပံ့ပိုးပေးနေပါသည်။ (အခြားစာရွက်)။ ထပ်မံ၍ အဆောက်အဦသန့်ရှင်းရေးနယ်ပယ်သာမက အဆောက်အဦ စီမံခန့်ခွဲမှုတွင် လုပ်ကိုင်နေသော နိုင်ငံခြားသားလူသားအရင်းအမြစ်များအပါအဝင် အဆောက်အဦ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်း၏ ကဏ္ဍပေါင်းစုံအတွက် အလုပ်ခန့်အပ်ခြင်း၊ ပြုစုပျိုးထောင်ခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာစနစ်ကို ပံ့ပိုးသွားပါမည်။

1. ထူးခြားချက်

(1) အခကြေးငွေရယူသည့် အလုပ်အကိုင်မိတ်ဆက်သည့်လုပ်ငန်းနှင့် မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးမှုလုပ်ငန်းအတွက် လိုင်စင်ရရှိထားသော အဖွဲ့အစည်း ဖြစ်ပါသည်။

(2) အဆောက်အဦသန့်ရှင်းရေးအတွက် အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေး နှစ် ၅၀ အတွေ့အကြုံရှိသော အဖွဲ့အစည်း ဖြစ်ပါသည်။

(3)အဆောက်အဦ စီမံခန့်ခွဲရေးတွင် နိုင်ငံတစ်ဝှမ်း၌ အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေး လက်တွေ့ရလဒ်များကို ပိုင်ဆိုင်ထားသော အဖွဲ့အစည်း ဖြစ်ပါသည်။

2. ပံ့ပိုးနေသည့် ဝန်ဆောင်မှုများ

(1)နိုင်ငံခြားသားလုပ်သားအရင်းအမြစ် မိတ်ဆက်ခြင်း၊ ညှိနှိုင်းမှုစသည့် အလုပ်အကိုင်မိတ်ဆက်ခြင်း ဝန်ဆောင်မှု

(2)နိုင်ငံခြားသားလုပ်သား၏ စွမ်းဆောင်ရည်တိုးတက်ရန်၊ ပြုစုပျိုးထောင်ခြင်း၊ စာမေးပွဲပြင်ဆင်ခြင်းစသည့် ပညာရေးဝန်ဆောင်မှုများ

* BMTC နိုင်ငံခြားသားလုပ်သားအမြစ် ပြုစုပျိုးထောင်ခြင်း စံချိန်စံနှုန်းများ

①အဆောက်အဦ သန့်ရှင်းရေးနှင့် အဆောက်အဦ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်သည့် လက်တွေ့လေ့ကျင့်ရေး၊ ပညာရပ်သင်တန်း

②ပညာရေးဆိုင်ရာ ပံ့ပိုးမှုကိရိယာများ (Sokunoပုံစံ ကြွက်သားလေ့ကျင့်ရေး၊ SOKOKARA၊ စကားပြောစွမ်းရည် စသည်)

(3)နိုင်ငံခြားသားလုပ်သား (အထူးနည်းပညာကျွမ်းကျင်သူ) ၏ မှတ်ပုံတင်ခြင်းကူညီပံ့ပိုးမှုဝန်ဆောင်ရေး

ကြိုတင်ပြီး လက်စွဲစာအုပ်၊ ပုံမှန်အင်တာဗျူးများ၊ စကားပြန်

(4) နိုင်ငံခြားသားလုပ်သားများ လက်ခံရေး ကူညီမှုတိုးတက်ရေး ဝန်ဆောင်မှု

①ပူးပေါင်းဖွံ့ဖြိုးတိုးတက်ရေးကိရိယာများ((Glocal၊ SmartTraining၊ BillBuddy)

②မိတ်ဖက်ဆိုင်ရာ ပံ့ပိုးကူညီမှုအရာများ((CQI၊ Oyraaa၊ Leopalace21၊ နိုင်ငံခြားသားနေထိုင်မှု ပံ့ပိုးကူညီမှု စသည်)

③စကားပြန် ဝန်ဆောင်မှု

3. သက်ဆိုင်သူအတွက် သီခြားဝန်ဆောင်မှု

| | |
|---|---|
| 1) လက်ခံသည့်ကုမ္ပဏီများ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေး၊ မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်ရန် ဝန်ဆောင်မှု |
| 2) နိုင်ငံခြားသားလူ့စွမ်းအားအရင်းအမြစ် | ပညာရေး၊ မှတ်ပုံတင်ခြင်းကူညီပံ့ပိုးရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်ရန် ဝန်ဆောင်မှု |
| 3) မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးရေး အေဂျင်စီ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေး၊ မှတ်ပုံတင်ခြင်း ကူညီပံ့ပိုးရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်ရန် ဝန်ဆောင်မှု |
| 4) ကြီးကြပ်ရေးအဖွဲ့ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေး၊ လက်ခံခြင်းကူညီပံ့ပိုးရေးတိုးတက်စေသည့် ဝန်ဆောင်မှု |
| 5) ပို့ဆောင်ရေးအေဂျင်စီ | အလုပ်အကိုင်မိတ်ဆက်ခြင်း၊ ပညာရေးဝန်ဆောင်မှု |

4. ဆက်သွယ်မေးမြန်းရန်

< BMTC : အထွေထွေဖောင်ဒေးရှင်း အဆောက်အဦ စီမံခန့်ခွဲမှုလေ့ကျင့်ရေးစင်တာ >

〒116-0013 တိုကျိုမြို့ အရာကာခူရပ်ကွက်၊ နီရှိနိပိုရိ ၅-၁၂-၅၊

အဆောက်အဦးပြုပြင်ထိန်းသိမ်းရေးခန်းမ ၅ ထပ်

TEL: 03-3805-7575 [https://bmtc.or.jp/](https://bmtc.or.jp/)

< ASCF : နိုင်ငံခြားသားလုပ်သားလက်ခံထောက်ပံ့ရေးစင်တာ >

အထွေထွေဖောင်ဒေးရှင်း အဆောက်အဦ စီမံခန့်ခွဲမှုလေ့ကျင့်ရေးစင်တာအတွင်း

ဖုန်း - 03-6806-8685 FAX:03-3805-7578



# 4 ပြည်ဝင်ခြင်း၊ နေထိုင်မှုထောက်ပံ့ခြင်း မိတ်ဆက်မှု

"အထူးနည်းပညာကျွမ်းကျင် နံပါတ် ၁" တွင် အလုပ်လုပ်သည့်အခါ ကုမ္ပဏီနှင့် ကုမ္ပဏီသည် ဆက်စပ်နေသည့် မှတ်ပုံတင်အဖွဲ့အစည်းမှ ဂျပန်သို့ ပြည်ဝင်ရောက်ခြင်းနှင့် နေထိုင်နေရးနှင့် ပတ်သက်ပြီး အောက်ပါ ထောက်ပံ့မှုများကို ရနိုင်ပါသည်။

1. ကုမ္ပဏီနှင့် စာချုပ်ပြီးပါက နေထိုင်ခွင့် မလျှောက်ထားမီ ကုမ္ပဏီမှ "စာချုပ်ပါအကြောင်းအရာနှင့် အလုပ်လုပ်ကိုင်မှုအကြောင်းအရာ" စသည်ကို ရှင်းပြပေးမည်ဖြစ်သည်။
2. ဂျပန်သို့လာချိန်တွင် ကုမ္ပဏီမှ လေဆိပ်အထိလာကြိုပေးပြီး ကုမ္ပဏီနှင့် အိမ်အထိ လိုက်ပို့ပေးမည်။ ထို့အပြင် သင်၏နိုင်ငံသို့ပြန်ချိန်တွင် ကုမ္ပဏီမှ လေဆိပ် လုံခြုံရေးစစ်ဆေးမှုအထိ လိုက်ပါပေးမည်။
3. ကုမ္ပဏီဝန်ထမ်းများနေထိုင်ရာအိမ်ကို အာမခံပေးခြင်း၊ ကုမ္ပဏီအိမ်ရာ (မိသားစုကုမ္ပဏီအိမ်ရာ) ကို ငှားပေးတာမျိုးလုပ်ပေးပါမည်။ ထို့အပြင် ဘဏ်အကောင့်ဖွင့်ပေးခြင်း၊ ဖုန်းနှင့် လျှပ်စစ်၊ ဂတ်စ်တို့နှင့် စာချုပ်ချုပ်ရန် ကူညီပေးခြင်း စသည်တို့ ပြုလုပ်ပေးပါမည်။
4. ကုမ္ပဏီမှ ဂျပန်နိုင်ငံ၏စည်းမျဉ်းများနှင့် အပြုအမူများကို သင်ကြားပေးပါမည်။ ထို့အပြင် ဘတ်စ်ကားနှင့် ရထားစီးနည်းနှင့် ငလျင်လှုပ်သောအချိန်စသည်တွင် မည်သို့လုပ်ဆောင်ရမည်ကို သင်ကြားပေးပါမည်။
5. ကုမ္ပဏီမှ မြို့တော်ခန်းမနှင့် အခွန်စသည့် လုပ်ထုံးလုပ်နည်းများတွင် ပါဝင်ကူညီပေးမည်။ ထို့အပြင် လုပ်ထုံးလုပ်နည်း စာရွက်စာတမ်းများရေးသားရာ၌ ကူညီလုပ်ဆောင်ရွက်ပေးမည်။
6. ကုမ္ပဏီမှ ဂျပန်စာလေ့လာရန်အတွက် ကျောင်းကို မိတ်ဆက်ပေးခြင်းစသည်တို့ လုပ်ဆောင်ပေးပါမည်။
7. အခက်အခဲရှိခဲ့လျှင် သင့်နိုင်ငံ၏ဘာသာစကားဖြင့် ဆွေးနွေးလို့ရပြီး အကြံဉာဏ်များ ရယူနိုင်ပါသည်။
8. ကုမ္ပဏီမှ အနီးနားရှိ ပွဲတော်များသွားရောက်ရန် လမ်းညွှန်ပေးခြင်း၊ အနီးနားမှ ဂျပန်လူမျိုးများနှင့် စကားပြောရန် အခွင့်အရေးများကိုပြုလုပ်ပေးခြင်းများ လုပ်ပေးပါမည်။

9. ကုမ္ပဏီမှ နှုတ်ထွက်လိုသည့်အချိန်တွင် ကုမ္ပဏီမှ နောက်အလုပ်တစ်ခုရှာပေးတဲ့ ထောက်ပံ့မှုကို ရရှိနိုင်ပါသည်။

10. ကုမ္ပဏီထောက်ပံ့မှုခေါင်းဆောင်နှင့် ပုံမှန်အစည်းအဝေးလုပ်ပါမည်။ အကယ်၍ အလုပ်အတွင်း ပြဿနာရှိလျှင် ဆွေးနွေးတိုင်ပင်နိုင်ပါသည်။

အရင်းအမြစ် : လူဝင်မှုကြီးကြပ်ရေးဌာန "အထူးနည်းပညာကျွမ်းကျင်လမ်းညွှန်စာအုပ်" (နိုင်ငံခြားသားများအတွက်) [3]

---

[3] လူဝင်မှုကြီးကြပ်ရေးဌာန"အထူးနည်းပညာကျွမ်းကျင်လမ်းညွှန်စာအုပ်" (နိုင်ငံခြားသားများအတွက်)
https://www.moj.go.jp/isa/content/930006034.pdf နောက်ဆုံးဝင်ရောက်သည့်နေ့ -၂၄ ရက် အောက်တိုဘာလ ၂၀၂၄ ခုနှစ်

## 5 နိဂုံးချုပ်

ဂျပန်၏ “အဆောက်အဦသန့်ရှင်းရေးလုပ်ငန်း” သည် အဆောက်အဦးအတွင်း ပတ်ဝန်းကျင်ကို ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်စွာ ထားရှိနိုင်ရန်၊ လူတို့၏နေထိုင်မှုကို ကျန်းမာရေးရှုထောင့်မှ ထောက်ပံ့ပေးနေသော အလုပ်ဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးပြီး ဧည့်သည့်များကို ကြိုဆိုသည့် “ဧည့်ဝတ်ပြုမှု” သည် ယခုအထိ ကမ္ဘာတွင် ဂုဏ်ယူရသည့် ဂျပန်၏ယဉ်ကျေးမှု ဖြစ်ပါသည်။

အထူးနည်းပညာကျွမ်းကျင်နံပါတ်၁ စနစ် ကိုအသုံးပြု၍ ဂျပန်၏ အဆောက်အဦသန့်ရှင်းရေးနည်းပညာကို လေ့လာသင်ယူပြီး အသိပညာများကို သင်ယူခြင်းဖြင့် ”ဂျပန်နိုင်ငံတွင်သင်၏ အသက်မွေးဝမ်းကြောင်းကိုတိုးတက်စေရန်ရည်မှန်းခြင်း”၊ ”မိခင်နိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီးပွားရေးလုပ်ခြင်း” အစရှိသည်များကို လုပ်ကိုင်နိုင်ပါသည်။

ဤအဆောက်အဦသန့်ရှင်းရေးနယ်ပယ်၏ အလုပ်နှင့်ပတ်သက်ပြီး လေးနက်စွာ နားလည်နိုင်ရန်အတွက် ဤလမ်းညွှန်စာအုပ်သည် အသုံးဝင်မည်ဆိုပါက ဝမ်းမြောက်မိမည်ဖြစ်သည်။